
## ဆန်စပါးဆိုင်ရာအပတ်စဉ် လေ့လာသုံးသပ် တင်ပြချက်( ၂၄/၂၀၂၃ )


## (၅.၇.၂၀၂၃ မှ ၁၁.၇.၂၀၂၃ ထိ )

၁။ **ပြည်တွင်း၊ပြည်ပ စပါးစိုက်ပျိုးထွက်ရှိမှု အခြေအနေ။** ၂၀၂၂-၂၀၂၃ ခုနှစ်၊ နွေစပါးစိုက်ပျိုးရန်လျာထားဧက (၂.၆၃) သန်းအပေါ် ၃၁.၅.၂၀၂၃ ရက်နေ့ထိ ဧက (၂.၆၀) သန်း (၉၉ %) စိုက်ပျိုးနိုင်ခဲ့ပါသည်။ ရိတ်သိမ်းဧက(၂.၀၆) သန်းအပေါ် ပျမ်းမျှအထွက်နှုန်း(၉၆.၇၈)တင်းဖြင့် အထွက်တင်း(၂၀၀.၁၅)သန်း ထွက်ရှိနေပြီဖြစ်ပါသည်။ ၂၀၂၃-၂၀၂၄ ခုနှစ် မိုးစပါး စိုက်ပျိုးရန်လျာထားဧက (၁၄.၉၉)သန်းအပေါ် ၃၁.၅.၂၀၂၃ ရက်နေ့အထိ (၀.၃၈)သန်း (၂.၅၂ %) စိုက်ပျိုးပြီးဖြစ်ပါသည်။ ၂၀၂၃ ခုနှစ်၊ ဇွန်လထုတ်ပြန်သည့် USDA ၏ စာရင်းများအရ ၂၀၂၂-၂၀၂၃ ခုနှစ်အတွင်း ကမ္ဘာ့စပါးစိုက်ပျိုးမှု ၁၆၆.၀၈ ဟက်တာသန်း **(ဧက ၄၁၀.၂၂ သန်း)**၊ အထွက်နှုန်း တစ်ဟက်တာ ၄.၆၈ မက်တန် **(၂၂၄ .၂၂ တင်း)**၊ စုစုပေါင်းအထွက် မက်တန် ၅၂၀.၄၉ သန်း **(စပါးတင်း ၂၄၉၃၆.၆၇ သန်း)** ဖြစ်ပါသည်။

၂။ **ပြည်တွင်း စပါး၊ ဆန်ဈေးနှုန်းအခြေအနေ။** ဧည့်မထအုပ်စုဝင် (၄၆) ပေါင်ကိုက် စပါးတင်း (၁၀၀)ဈေးနှုန်းနှင့် ဧည့်မထ၂၅% အလတ်စ (၁၀၈)ပေါင်ဝင် ဆန် (၁) အိတ် ဈေးနှုန်းများဖြစ်ပေါ်မှုအခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-


| စဉ် | တိုင်း/ ပြည်နယ် | မြို့နယ် | စပါးအမျိုးအစား | စပါးတင်း(၁၀၀)/ကျပ် | | ဆန်အမျိုးအစား | ဆန်တစ်အိတ်/ကျပ် | |
|---|---|---|---|---|---|---|---|---|
| | | | | ယခင်ပတ် | ယခုအပတ် | | ယခင်ပတ် | ယခုအပတ် |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ |
| (က) | **ရန်ကုန်တိုင်း** | သန်လျင် | ဧည့်မထ(မိုး) | ၁၇၃၀၀၀၀ | ၁၇၃၀၀၀၀ | မနောသုခ(မိုး) | ၆၅၀၀၀ | ↑ ၆၆၀၀၀ |
| | | | ဧည့်မထ(နွေသစ်) | ၁၄၆၀၀၀၀ | ၁၄၆၀၀၀၀ | မနောသုခ(နွေသစ်) | ၆၈၀၀၀ | ၆၈၀၀၀ |
| | | | | | | | | |
| (ခ ) | **ဧရာဝတီတိုင်း** | ပုသိမ် | ဧည့်မထ(မိုး) | ၁၇၃၈၀၀၀ | ၁၇၃၈၀၀၀ | ဧည့်မထ(မိုး) | ၆၇၀၀၀ | ၆၇၀၀၀ |
| | | | ဧည့်မထ(နွေသစ်) | ၁၆၅၆၀၀၀ | ၁၆၅၆၀၀၀ | ဧည့်မထ(နွေသစ်) | ၆၁၀၀၀ | ၆၁၀၀၀ |
| | | | | | | | | |
| (ဂ ) | ပဲခူးတိုင်း | ပဲခူး | ဧည့်မထ(မိုး) | ၁၇၀၂၀၀၀ | ၁၇၀၂၀၀၀ | ဧည့်မထ(မိုး) | ၆၅၀၀၀ | ၆၅၀၀၀ |
| | | ပြည် | ဧည့်မထ(မိုး) | ၁၇၀၀၀၀၀ | ↑ ၁၇၀၂၀၀၀ | ဧည့်မထ(မိုး) | ၆၄၀၀၀ | ↑ ၆၄၅၀၀ |
| | | | | | | | | |
| (ဃ) | **မန္တလေးတိုင်း** | မန္တလေး | ဧည့်မထ(မိုး) | ၁၉၀၀၀၀၀ | ၁၉၀၀၀၀၀ | ဧည့်မထ(မိုး) | ၈၃၀၀၀ | ၈၃၀၀၀ |
| | | ပျဉ်းမနား | ဧည့်မထ(မိုး) | ၁၉၅၀၀၀၀ | ၁၉၅၀၀၀၀ | ဧည့်မထ(မိုး) | ၇၄၀၀၀ | ↑ ၇၅၀၀၀ |
| | | | ဧည့်မထ(နွေသစ်) | ၁၃၀၀၀၀၀ | ၁၃၀၀၀၀၀ | ဧည့်မထ(နွေသစ်) | ၅၆၀၀၀ | ↓ ၅၄၀၀၀ |
| | | | | | | | | |
| (င ) | **စစ်ကိုင်းတိုင်း** | ရွှေဘို | ရေမင်း(မိုး) | ၂၄၀၀၀၀၀ | ↑ ၂၅၀၀၀၀၀ | ရေမင်း(မိုး) | ၉၆၀၀၀ | ↑ ၁၀၀၀၀၀ |
| | | | ရွှေဝါထွန်း(နွေသစ်) | | ၁၅၅၀၀၀၀ | ရွှေဝါထွန်း(နွေသစ်) | | ၆၄၀၀၀ |
| | | | | | | | | |
| (စ ) | **ရခိုင်ပြည်နယ်** | စစ်တွေ | ဧည့်မထ(မိုး) | ၁၈၅၀၀၀၀ | ၁၈၅၀၀၀၀ | ရွှေဝါထွန်း(မိုး) | ၈၀၀၀၀ | ၈၀၀၀၀ |
| | | | | | | | | |
| (ဆ) | **မွန်ပြည်နယ်** | မော်လမြိုင် | ဇီယာ(မိုး) | ၁၆၅၀၀၀၀ | ၁၆၅၀၀၀၀ | ဇီယာ(မိုး) | ၆၅၅၀၀ | ၆၅၅၀၀ |
| | | | | | | | | |


စပါးတင်း(၁၀၀)ဈေးနှုန်းပြောင်းလဲမှု
၂၇၀၀၀၀၀
၂၂၀၀၀၀၀
၁၇၀၀၀၀၀
၁၂၀၀၀၀၀
၇၀၀၀၀၀
၂၀၀၀၀၀
သန်လျင်
ပုသိမ်
ပဲခူး
ပြည်
မန္တလေး
ပျဉ်းမနား
ရွှေဘို
စစ်တွေ
မော်လမြိုင်
ယခင်အပတ်
ယခုအပတ်


ဧည့်မထဆန်(အလတ်စ) တစ်အိတ်ဈေးနှုန်းပြောင်းလဲမှု
၁၁၀၀၀၀
၁၀၀၀၀၀
၉၀၀၀၀
၈၀၀၀၀
၇၀၀၀၀
၆၀၀၀၀
၅၀၀၀၀
၄၀၀၀၀
၃၀၀၀၀
၂၀၀၀၀
သန်လျင်
ပုသိမ်
ပဲခူး
ပြည်
မန္တလေး
ပျဉ်းမနား
ရွှေဘို
စစ်တွေ
မော်လမြိုင်
ယခင်ပတ်
ယခုအပတ်

၃။ **ပြည်တွင်း/ပြည်ပဆန်ဈေးနှုန်းအခြေအနေ။** စပါး၊ ဆန် အဓိကထုတ်လုပ်တင်ပို့သော နိုင်ငံများ၏ ဆန်တစ်တန် FOB ဈေးနှုန်းဖြစ်ပေါ်မှုအခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | နိုင်ငံ | အမျိုးအစား | ဈေးနှုန်း | | | |
|---|---|---|---|---|---|---|
| | | | ၁၉.၆.၂၃ | ၂၆.၆.၂၃ | ၃.၇.၂၃ | ၁၀.၇.၂၃ |
| (က) | ထိုင်း | White Rice ၁၀၀% | ၅၂၃ | ၅၃၅ | ၅၃၂ | ↑ ၅၄၉ |
| | | White Rice ၅% | ၅၀၉ | ၅၂၀ | ၅၁၈ | ↑ ၅၃၅ |
| | | White Rice ၂၅% | ၄၉၂ | ၅၀၂ | ၄၉၈ | ↑ ၅၁၃ |
| | | Parboiled Rice ၁၀၀% | ၅၂၀ | ၅၃၂ | ၅၂၃ | ↑ ၅၃၈ |
| (ခ) | ဗီယက်နမ် | White Rice ၅% | ၅၀၂ | ၅၀၇ | ၅၁၂ | ▬ ၅၁၂ |
| | | White Rice ၂၅% | ၄၈၂ | ၄၈၇ | ၄၉၂ | ▬ ၄၉၂ |
| (ဂ) | ပါကစ္စတန် | White Rice ၅% | ၄၉၂ | ၄၉၂ | ၄၉၂ | ▬ ၄၉၂ |
| | | White Rice ၂၅% | ၄၅၂ | ၄၆၂ | ၄၆၂ | ▬ ၄၆၂ |
| (ဃ) | အိန္ဒိယ | White Rice ၂၅% | ၄၃၂ | ၄၄၂ | ၄၅၂ | ↑ ၄၅၇ |
| (င) | မြန်မာ | White Rice ၅% | ၅၂၀-၅၃၀ | ၅၁၀-၅၂၀ | ၅၀၅-၅၁၅ | ↓ ၅၀၀-၅၀၅ |
| | | White Rice ၁၀% | ၅၁၀-၅၂၀ | ၅၀၀-၅၁၀ | ၄၉၅-၅၀၅ | ↓ ၄၉၀-၅၀၀ |
| | | White Rice ၁၅% | ၅၀၀-၅၁၀ | ၄၉၀-၅၀၀ | ၄၈၅-၄၉၅ | ↓ ၄၈၀-၄၉၀ |
| | | White Rice ၂၅% | ၄၈၀-၄၉၀ | ၄၇၀-၄၈၀ | ၄၆၅-၄၇၅ | ↓ ၄၆၅-၄၇၅ |



၄။ **ဆန်လက်ကျန်အခြေအနေ။** ၁၀.၇.၂၀၂၃ နေ့ရှိ တိုင်းဒေသကြီး/ ပြည်နယ်များ၏ တင်ပြချက်စာရင်းအရ ခန့်မှန်းလက်ကျန်ဆန်တန်မှာ (၃.၈၉၀) သန်းဖြစ်ပါသည်။၂၀၂၃ ခုနှစ်၊ ဇွန်လကမ္ဘာ့ဆန်လက်ကျန်မှာ တန်ချိန်(၁၇၀.၂၁၃) သန်းဖြစ်ပါသည်။

၅။ **ပြည်ပဆန်တင်ပို့နိုင်မှုနှင့်ပြည်ပဈေးကွက်။** ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်၊ ၁.၄.၂၀၂၃ မှ ၃၀.၆.၂၀၂၃ နေ့ထိ ဆန်တန်ချိန် (၁၁၉၀၂၇)၊ တန်ဘိုး (၅၆.၆၆၁) USD သန်း တင်ပို့နိုင်ခဲ့ပြီး၊ ၂၀၂၂-၂၀၂၃ `ဘဏ္ဍာနှစ် အလားတူကာလတွင် ဆန်တန်ချိန် (၃၇၀၉၈၃)၊ တန်ဘိုး (၁၃၂.၅၅၁) USD သန်း တင်ပို့ခဲ့သဖြင့် ယခင်နှစ်ထက် ဆန်တန်ချိန်(၂၅၁၉၅၆)၊ တန်ဘိုး (၇၅.၈၉၀) USD သန်း လျော့နည်း တင်ပို့ခဲ့ပါသည်။ ပင်လယ်ရေကြောင်းမှ ဧည့်မထ ၂၅% ဆန် တစ်တန်ပေါက်ဈေးမှာ FOB ၄၇၅ USD ဖြစ်သော်လည်း Earning ဈေး ၂၄၄၅ ကျပ်ဖြင့် တွက်ချက်ပါက FOB အရင်းဈေးနှုန်းမှာ ၅၃၃ USD ဖြစ်နေသဖြင့် ဧည့်မထ ၂၅ % မှာ တွက်ချက်မှုအရ တွက်ခြေကိုက်မှုမရှိကြောင်းသိရှိရပါသည်။

၆။ **ခြုံငုံသုံးသပ်ချက်။** အိန္ဒိယနိုင်ငံဆန်ဈေးများ မြင့်တက်လာချိန်တွင် အာဖရိကနိုင်ငံနှင့် အာရှနိုင်ငံများမှ ဝယ်လက်များသည် ထိုင်းဆန်ဘက်သို့ အဝယ်လှည့်လာသောကြောင့် ယခုတစ်ပတ် ထိုင်းပို့ကုန်ဆန်ဈေးနှုန်းများလည်း မြင့်တက်လာပါသည်။ အိန္ဒိယနိုင်ငံတွင် ယခုတစ်ပတ် ဆန်စပါး ကြမ်းခင်းဈေးကို မြှင့်တင်လိုက်သဖြင့် ပို့ကုန်ဆန်ဈေးနှုန်းများ မြင့်တက်ခဲ့ပါသည်။ အလားတူ ဗီယက်နမ်နိုင်ငံတွင် စားနပ်ရိက္ခာဖူလုံရေးအတွက် သိုလှောင်ဖြည့်ဆည်းနေသဖြင့် ဆန်ဝယ်လိုအား များနေ၍ ပို့ကုန်ဆန်ဈေးနှုန်းများ အမြင့်ဈေးတွင် ဈေးငြိမ်နေပါသည်။ ပြည်တွင်း စပါး၊ ဆန် ဈေးကွက်၌ ပြည်နှင့် ရွှေဘိုတို့တွင် စပါးလက်ကျန်နည်းလာခြင်း၊ လှောင်လက်နှင့် စက်ပိုင်ကုန်သည် ရောင်းအားနည်းခြင်း၊ ဈေးကွက်လိုအပ်ချက်ပြည့်မီအောင် ကြိတ်ခွဲထုတ်လုပ်နိုင်မှုမရှိခြင်း၊ ဒေသတွင်း စားသုံးရန် ဝယ်အားရှိခြင်းတို့ကြောင့် စပါးဈေးနှုန်းများ မြင့်တက်ခဲ့ပါသည်။ ပျဉ်းမနားတွင် နွေဆန်များ ဖြိုင်ဖြိုင်ထွက်ပေါ်လာပြီဖြစ်၍ ဈေးကွက်အဝင်များလာခြင်း၊ ပြည်ပတင်ပို့နိုင်မှုနည်းနေ၍ ကုန်သည် ဝယ်အားနည်းနေခြင်းတို့ကြောင့် နွေဆန်ဈေးကျခဲ့ပါသည်။ ကျန်မြို့နယ်များတွင် အရောင်းအဝယ် ပုံမှန်ရှိနေပြီး စပါး၊ ဆန်ဈေးနှုန်းများတည်ငြိမ်နေကြောင်း သိရှိရပါသည်။